# မာတိကာ


| | | |
|---|---|---|
| ၁။ | အမှာ | ၃ |
| ၂။ | မိတ်ဆက်ခြင်း | ၅ |
| ၃။ | ကွင်းဆက်များနှင့် တုံ့ပြန်မှုများ | ၁၇ |
| ၄။ | မျိုးဗီဇဂျင်း (The gene) | ၂၀ |
| ၅။ | ကမ္ဘာလောကကို ပြောင်းနိုင်တယ် | ၅၀ |


အသက်၊ သက်ရှိ (life) ဟာ ဘာလဲ၊ လူတိုင်း စိတ်ဝင်စားမယ်လို့ ထင်တယ်။ အသက်အကြောင်း မိတ်ဆက်ထားတယ်၊ အသက်ရဲ့ ယူနစ်ဆဲလ်ရဲ့ နံရံအကြောင်း ရေးထားတယ်။ အကျယ်တော့ မဟုတ်ဘူး ပေါ့ခင်ဗျာ။

အသက်ကို ကျွန်တော်တော့ စိတ်ဝင်စားတယ်။ ကျွန်တော့် ကျောင်းက ဆရာမတယောက်က အသက်ဆိုတာ ဘယ်လိုစဖြစ်သလဲ အလွန်သိချင်တယ်။ ကျွန်တော်က ကလေးတွေအတွက် (စာမေးပွဲမှာ မေးတယ်ဆိုလို့) အီဗော်လူးရှင်း အရင်ရေးဖြစ်တာ။ အီဗော်လူးရှင်းဟာ သဘာဝ၏ ရွေးချယ်မှုကြောင့် ဖြစ်ရတယ်။ သဘာဝ၏ရွေးချယ်မှု ဖြစ်ဖို့အတွက်၊ ပုံတူတွေ အများကြီးပွားဖို့ လိုတယ်။ လုံးဝ ပုံအတူတွေ ချည်း ပွားရင်လည်း သဘာဝက ဘာရွေးချယ်ရတော့မှာလဲ။ ကွဲပြားမှု လေးတွေရှိသော ပုံတူပွားခြင်း ဖြစ်ရမှာကိုး (replication with variations)။ ထိုအလုပ်တွေလုပ်တဲ့ မျိုးဗီဇအကြောင်း သတင်းပေးဖို့ လိုပြန်တာနဲ့ အီဗော်လူးရှင်း ရေးအပြီးမှာ၊ ယခုစာအုပ် မျိုးဗီဇ အကြောင်းကို ပေါလ်နပ်စ် (Paul Nurse)နဲ့ ရှောင်ခရိုး (Sean Carroll) အရေးအသားများမှ သင့်လျော်သလို ရေးပါတယ်။

တချို့လူတွေအတွက် ပျင်းစရာတွေပေါ့။ သို့သော် တချို့ လူတွေအဖို့ စိတ်ဝင်စားစရာ ဖြစ်မှာပါ။ ဓာတုဗေဒအခြေခံ အနည်း အကျဉ်းရှိသော် လွယ်လည်းလွယ်မှာပါ။

သည်စာအုပ်လေးပြီးရင်တော့ "အသက်၊ ဇီဝအကြောင်းကို ရေး မယ် စိတ်ကူးပါတယ်။ ယခုထိ သိပ္ပံက သဘောပေါက်သမျှ ဇီဝပေါ့။ အကျဉ်းချုံ့ရမှာ။ အနက်မယွင်းမပျက်အောင် အကျဉ်းချုံ့နိုင်မှ တော် မယ်။ နားမလည်အောင်ထိ ဖြစ်မသွားရအောင် သတိထားရမှာပဲ။ ရူပဗေဒမှာ လာရှိတဲ့ အင်ထရိုပီတို့ ဓာတုဗေဒမှာ လာရှိတဲ့ ကာဗွန်ဒြပ် ပေါင်းတွေ စသည်တို့ ပါမှာပ။ စမ်းကြည့်ရမှာပဲ။ ယခုထိ ဖတ်ရှုကြ သူများကို ကျေးဇူးတင်ပါကြောင်း။

လေးစားစွာဖြင့်
မောင်တာ